


# သားမှာ အိမ်ရှိတယ်




unicef




ကျွန်တော့်မှာ အိမ်ရှိတယ်။




ခွေးလေးမှာ အိမ်ရှိတယ်။



ကြောင်လေးမှာ အိမ်ရှိတယ်။



ငှက်လေးမှာ အိမ်ရှိတယ်။




ငါးလေးမှာ အိမ်ရှိတယ်။




အချိန်တန်ရင် အိမ်ပြန်ချင်တယ်။




ဘောလုံးလေး အိမ်ကိုပြန်။




စာအုပ်လေး အိမ်ကိုပြန်။



ဦးထုပ်လေး အိမ်ကိုပြန်။



ထိုင်ခုံလေး အိမ်ကိုပြန်။




ရေခွက်လေး အိမ်ကိုပြန်။



ဖိနပ်လေး အိမ်ကိုပြန်။




ပန်းကန်လေး အိမ်ကိုပြန်။




ငှက်ပျောခွံလေး အိမ်ကိုပြန်။



နေလုံးလေး အိမ်ကိုပြန်။



ကျွန်တော်လည်း နွေးထွေးတဲ့အိမ်ကို
ပြန်ရောက်ပြီ။



# ပြုစုစောင့်ရှောက်သူများအတွက် အမှာစာ

သည်စာအုပ်လေးဟာ မွေးစမှ ၅နှစ်အရွယ် မြန်မာကလေးငယ်တွေအတွက်၊ ကလေးတွေရဲ့မိဘမောင်ဖွား ဆွေမျိုးသားချင်းများ နဲ့တကွ ကလေးတွေကို ပြုစုစောင့်ရှောက်သူတွေ (ထိန်းကျောင်းနေသူတွေ)အတွက် ရည်ရွယ်ပါတယ်။ သည်အရွယ်ကလေးတွေဟာ ရုပ်ပုံတွေကြည့်ရတာ၊ ပုံနားထောင်ရတာ၊ စာအုပ်တွေနဲ့ဆော့ရတာတွေကို နှစ်သက်ကြပါတယ်။ သည်အရွယ်လေးတွေအတွက် အက္ခရာတွေ၊ စကားလုံးတွေ၊ သင်္ချာကိန်းဂဏန်းတွေကို သင်ဖို့၊ မှတ်ဖို့ မလိုအပ်လှသေးပါဘူး။ စာသင်ဖို့ ကိုယ်ရောစိတ်ပါ သိပ်အဆင်သင့် မဖြစ်သေးတဲ့ ၅နှစ်၊ ၆နှစ်လောက် ကလေးတွေကို စာအတင်းဖတ်ခိုင်းမိခဲ့မယ်ဆိုရင် ကျောင်းနေတဲ့အရွယ်မှာရော နောက်ပိုင်းဘဝတစ်လျှောက်လုံးမှာပါ အခက်တွေ့ရနိုင်ပါတယ်။ ကလေးတွေအတွက် အလိုအပ်ဆုံးက သူနဲ့ကိုယ့်ကြားမှာ နွေးနွေးထွေးထွေး ချစ်ခင်ရင်းနှီးမှုသာဖြစ်ပါတယ်။ အဲသလို နွေးထွေးတဲ့ ချစ်ခင်ရင်းနှီးမှုကို ရယူနိုင်ဖို့အတွက် ကလေးနဲ့ အတူနေတဲ့ အချိန်လေး ပုံမှန်ထားပေးဖို့ လိုပါတယ်။ စာအုပ်တွေထဲမှာ မြင်ရနိုင်တာ၊ ကြားရနိုင်တာလေးတွေကို ကလေးတွေဘာသာ စူးစမ်းရှာဖွေ မှတ်သားတတ်လာအောင် ဘေးကနေ မသိမသာလေး သိုင်းဝိုင်းပေးရပါမယ်။ စာအုပ်တွေထဲမှာ တွေ့ရမြင်ရတဲ့ အမူအရာတွေကို အတုခိုးပြီးလိုက်လုပ်နိုင်အောင် အားပေးရပါမယ်။ ပုံပြင်လေးတွေကို သူတို့စိတ်ကူးလေးတွေနဲ့ သူတို့ဘာသာ ဖန်တီးပြီး ပြောဖြစ်လာအောင် အားပေးရ၊ တိုက်တွန်းရပါမယ်။ စာအုပ်တွေကို ကလေးတွေကိုယ်တိုင် စူးစမ်းကြည့်ရှုတဲ့အခါ မဟန့်တားဘဲ ခွင့်ပေးရပါမယ်။ ကလေးက သူ့စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောတာ ဆိုတာ၊ နေတာထိုင်တာတွေကို သဘောကျတဲ့ ပုံပန်း၊ ကျေနပ်တဲ့ ပုံပန်းကို ပြပေးကြရပါမယ်။

“သားမှာ အိမ်ရှိတယ်”မှာ အခြားအရာတိုင်းမှာလည်း သူ့လိုပဲ “နေစရာအိမ်လေးများ” ရှိကြတယ် ဆိုတာကို တွေ့ရှိလာတဲ့ ကလေးငယ်တစ်ယောက်ရဲ့ ဇာတ်လမ်းလေးပဲဖြစ်ပါတယ်။ စာအုပ်တွေ၊ ဦးထုပ်တွေ၊ ကုလားထိုင်တွေလို အရာဝတ္ထုတွေမှာတောင် နေရာတစ်ခုစီ သတ်သတ်မှတ်မှတ် ရှိကြတယ်၊ အရာရာကို သူတို့နဲ့ဆိုင်ရာ “နေစရာအိမ်လေးတွေ”ထဲမှာပဲ ပြန်ပြီးထားသင့်တယ်ဆိုတဲ့အကြောင်းကလေးက သဘောပေါက်လာပါတယ်။ ငယ်ရွယ်နုနယ်တဲ့ ကလေးတစ်ယောက်ဖြစ်နေသည့်တိုင် အဆိုပါ

ပစ္စည်းလေးများကို သူတို့နဲ့ဆိုင်ရာ "နေစရာအိမ်လေးတွေ'ထဲကို မမေ့မလျော့ ပြန်ထားပေးဖို့ သူ့မှာလည်း တာဝန်ရှိကြောင်းကို ကလေးက သိရှိလာပါတယ်။ ပြုစုစောင့်ရှောက်နေသူများကလည်း ကလေးက ဒီအချက်ကို မမေ့မလျော့ ဆောင်ရွက်တဲ့အခါ အသိအမှတ်ပြုပြီး ချီးမွမ်းအားပေးရမှာကို သိရှိလာနိုင်ပါသေးတယ်။

ကလေးငယ်တွေဟာ သူတို့ရဲ့ပတ်ဝန်းကျင် ကမ္ဘာလောကကြီးမှာရှိတဲ့အရာတွေနဲ့ အပြန်အလှန် ဆက်ဆံရာကနေ အရာဝတ္ထုတွေရဲ့အကြောင်းကို နားလည်သဘောပေါက်လာနိုင်ကြပုံကို ဒီစာအုပ်က သရုပ်ဖော်နေပါတယ်။ ကလေးသူငယ်တွေဟာ သိလိုစိတ်ပြင်းပြကြပါတယ်၊ လေ့လာစူးစမ်းလိုစိတ်လည်း ထက်သန်ကြ ပါတယ်။ သူတို့ရဲ့သိလိုစိတ်ကို လူကြီးတွေက ပျိုးထောင်ပေးမယ်ဆိုရင် ကလေးတွေဟာ မေးခွန်းတွေ မေးလာကြပြီး စူးစမ်းလေ့လာရမှာကို မကြောက်တော့ဘဲ တက်ကြွတဲ့ စာသင်သားလေးတွေ ဖြစ်လာပါလိမ့်မယ်။ ကလေးတစ်ယောက်ဟာ သိလိုစိတ်သာ ပြင်းပြနေမယ်ဆိုရင် အဆက်မပြတ် စူးစမ်းလေ့လာနေတော့မှာပါ။ အဲဒီအခါ တစ်မျိုးပြီးတစ်မျိုး အဆက်မပြတ် သိနားလည်လာပါလိမ့်မယ်။ တစ်နည်းပြောရရင် သိလိုစိတ်နည်းပါးတဲ့ ကလေးငယ်မျိုးဆိုရင်တော့ သူငယ်ချင်းသစ်တွေလည်း နည်းနေပါလိမ့်မယ်။ အဖွဲ့လိုက်အတူ ဆောင်ရွက်ချင်စိတ်လည်း နည်းနေပါလိမ့်မယ်။ စာလည်း အဖတ်နည်းပါလိမ့်မယ်။ လျှောပေါ်တက်တာမျိုးလို စွန့်စားလုပ်ကိုင်ကြည့်ချင်စိတ်လည်း နည်းပါးပါလိမ့်မယ်။ သိလိုစိတ်နည်းပါးတဲ့ ကလေးငယ်ကို သင်ရတာ ပိုပြီးခက်ပါတယ်။ အကြောင်းကတော့ အဲဒီလို ကလေးငယ်မျိုးမှာ စိတ်ကူးစိတ်သန်းကလည်း မကောင်းလှ၊ စိတ်ဓာတ် တက်ကြွမှုလည်း မရှိလှတဲ့အပြင် လုပ်ချင်ကိုင်ချင်စိတ်လည်း နည်းပါးနေတတ်လို့ပဲ ဖြစ်ပါတယ်။

ကိုယ့်ကလေး ကျန်းမာသန်စွမ်းအောင်၊ ပျော်ရွှင်အောင်၊ စူးစမ်းလေ့လာတတ်အောင်၊ သူ့ကိုယ်သူ ယုံကြည်မှုရှိလာအောင် မိသားစုဝင်တိုင်း စွမ်းဆောင်နိုင်ပါတယ်။ စာဖတ်သူကိုယ်တိုင်လည်း ကိုယ့်ကလေးအတွက် အားရကြည်နူးစရာ တစ်ခုမက လုပ်ပေးခဲ့ပြီးဖြစ်မှာ သေချာပါတယ်။ ဒီစာအုပ်လေးဟာ သင်နဲ့ သင့်ကလေးရဲ့ နေ့စဉ်ဘဝမှာ ကျန်းမာပျော်ရွှင်မှု၊ စူးစမ်းလေ့လာ ဖန်တီးတတ်မှုများအတွက် အထောက်အကူများစွာ ပေးပါလိမ့်မယ်။

## ကျေးဇူးတင်လွှာ

ဤစာအုပ်ကို မြန်မာကလေးများနှင့်
သူတို့၏မိသားစုများအတွက် အထောက်အပံ့ဖြစ်စေရန်
ယူနီဆက်က ထုတ်လုပ်ဖန်တီးခဲ့ပါသည်။

ဤစာအုပ်ကို
ရေးသား၍ သရုပ်ဖော်ရေးဆွဲသူ ဦးဝင်းနိုင် (အော်ပီကျယ်) နှင့်
တန်ဖိုးမဖြတ်နိုင်သော စိတ်ကူးများဖြင့် လမ်းညွှန်ကူညီမှုပေးသော
ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် မီဒီယာအသုံးပြု မိဘပညာပေးအစီအစဉ်
အတိုင်ပင်ခံပုဂ္ဂိုလ် Ms. Barbara Kolucki တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့ပြင် ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
တန်ဖိုးမဖြတ်နိုင်သော အကြံဉာဏ်များဖြင့် ကူညီပံ့ပိုးခဲ့ကြသော မိတ်ဆွေများအား
အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ယူနီဆက် ရန်ကုန်၊ (၁၄)ထပ်၊ ကုန်သည်ကြီးများဟိုတယ်၊ ၂၂၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း ၃၇၅၅၂၇၊ ၃၇၅၅၂၈၊ ၃၇၅၅၂၉၊ ၃၇၅၅၃၀၊ ဖက်(စ်) ၉၅-၁-၃၇၅၅၅၂

**အခမဲ့ ဖြန့်ဝေသည်။**

ဤစာအုပ်ကို ထပ်မံရိုက်နှိပ်လိုပါက ယူနီဆက်၏ ခွင့်ပြုချက်ရယူပြီးမှ ရိုက်နှိပ်ပါရန်။